# သဘာဝဘေးအန္တရာယ်ဆိုင်ရာစာရင်းဇယား အချက်အလက်ကောက်ယူရေးကိစ္စ အစည်းအဝေးကျင်းပ

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ကနဦးလိုအပ်ချက် စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှုအတည်ပြုရေးနှင့် လိုအပ်ချက်များဆန်းစစ်ဖော်ထုတ်ရေးလုပ်ငန်းကော်မတီ (၁/၂၀၂၁) အစည်းအဝေးကို ၂၀၂၁ ခုနှစ်၊ မေလ (၂၁) ရက်နေ့၊ နံနက် (၁၀:၀၀) နာရီအချိန်တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၂၆) အစည်းအဝေးခန်းမ၌ကျင်းပပြုလုပ်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး လုပ်ငန်းကော်မတီအတွင်းရေးမှူး၊ ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က လုပ်ငန်းကော်မတီ၏ ဆောင်ရွက်ချက်များ၊ တိုးတက်မှုအခြေအနေများနှင့် ၂၀၂၁ ခုနှစ်တွင် တိုင်းဒေသကြီး/ ပြည်နယ် (၁၅) ခုတို့၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စစ်တမ်းကောက်ယူရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပါသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီအဖွဲ့ဝင်များက တိုင်းဒေသကြီး/ ပြည်နယ်အလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ တွေ့ကြုံရသည့်အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စစ်တမ်းကောက်ယူရေးကိစ္စရပ်များအား အသီးသီးဆွေးနွေး တင်ပြကြပါသည်။

ပြည်ထောင်စုဝန်ကြီးက သဘာဝဘေးအန္တရာယ်သည် ကြိုတင်ခန့်မှန်းမရသည့်အတွက် ဖြစ်ပေါ်လာပါက ထိခိုက်မှုအနည်းဆုံးဖြစ်စေရေးအတွက် ကြိုတင်ပြင်ဆင်ထားနိုင်သည့်ကိစ္စများအား ကြိုတင်ပြင်ဆင်ထားရေး၊ လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များနှင့်အညီ ဗဟိုကော်မတီကို အထောက်အကူပြုစေရေး၊ စာရင်းကောက်ယူမည့်ပုံစံများနှင့် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ပြည်နယ်/တိုင်းဒေသကြီး စီမံခန့်ခွဲမှုကောင်စီအဖွဲ့ဝင်များနှင့် ချိတ်ဆက်ဆောင်ရွက်ရေး၊ Mobile Team များဖွဲ့စည်း၍ လေ့ကျင့်ဆောင်ရွက်ထားရေး၊ ဆက်သွယ်ရေးကွန်ရက်များတည်ဆောက်ထားရေး၊ စစ်တမ်းအစီရင်ခံစာအား ဆောလျင်စွာထုတ်ပြန်နိုင်ရေး၊ အချက်အလက်များမှန်ကန်စေရန် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေး၊ ပိုမိုပြည့်စုံမှန်ကန်သည့်စစ်တမ်းဖြစ်စေရေးနှင့် ရန်ပုံငွေသုံးစွဲမှုဆိုင်ရာကိစ္စများကို လမ်းညွှန်မှာကြားခဲ့ပါသည်။

အစည်းအဝေးသို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စီမံကိန်းဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ အမျိုးသားမှတ်ပုံတင်နှင့်နိုင်ငံသားဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနတို့မှ လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/

ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးများနှင့် ဗဟိုစာရင်းအင်းအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

\

